# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# ဒေသဆိုင်ရာအချက်အလက်များ

## အခန်း( ၁ )

## နိဒါန်းနှင့်ဒေသသမိုင်း

### နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေရပ်ကွက် / ကျေးရွာအုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှပေးအပ်သော တာဝန်များနှင့် ဒေသန္တရအစိုးရအဖွဲ့များမှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များပြုစုခြင်းဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်း

ရာတွင် နယ်မြေ၏အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်မည် ဖြစ်ပါသည်။ ဤစာအုပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသဆိုင်ရာအချက်အလက်များ( ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ)နောက်ဆုံးအခြေအနေကို သက်ဆိုင်ရာဌာန အသီးသီးမှပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ကိုးကန့်တိုင်းရင်းသားလူမျိုးများသည် ကိုးကန့်တရုတ်၊ မာလီ ပါးရင်၊ ကိုးကန့်တိုင်းရင်းသားအမျိုးမျိုးဖြင့် ခေါ်ဝေါ်နေကြသော လူမျိုး များဖြစ်သကဲ့သို့ ရှမ်းပြည်နယ်( မြောက်ပိုင်း )သံလွင်မြစ်ဖျား ဒေသ တွင်နေထိုင်ကြပြီး အဆိုပါလူမျိုးများမှ ဆင်းသက်ပြန့်ပွားလာသော တိုင်းရင်းသားလူမျိုးစု တစ်စုဖြစ်ပါသည်။ ကိုးကန့်ဟူသော စကားလုံး ၏အဓိပ္ပါယ်မှာ ကိုးသည်“ပြတ်သားမှု”ဖြစ်ပြီး ကန့်မှာ“ရဲရင့်ခြင်း” ကိုဆိုလိုပါသည်။ပေါင်းစပ်လိုက်ပါက“ ပြတ်သားရဲရင့်သောလူမျိုး ”ဟု အဓိပ္ပာယ်ရပါသည်။ “ကိုးကန့်”ကို ရှမ်းဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆို ပါက“ကောက်ကန့်” ဖြစ်ပါသည်။ ကောက်မှာ“ကိုး” ဖြစ်ပြီး၊ “ကန့်” မှာ အုပ်ချုပ်သူအကြီးအကဲဖြစ်ပါသည်။ အဓိပ္ပါယ်မှာ “သူကြီးကိုးဦး”အုပ်ချုပ် သောနယ်ဖြစ်ပါသည်။ ကိုးကန့်ဒေသကို မာလီပါးဟု ခေါ်ကြပါသည်။ မာလီရှူးပင်များပေါက်ရောက်နေသော လွင်ပြင်ဟုအဓိပ္ပါယ်ရပါသည်။ ကိုးကန့်လူမျိုးသည် အဓိကတရုတ်မျိုးနွယ်များ ဖြစ်ကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများ၏ သွေးနှောလည်း ပါဝင်ပါသည်။ ကိုးကန့် လူမျိုးသည် အသားအရည်ဖြူသူရှားပြီး အသားအရည် ခပ်ညိုညို ဖြစ်ကြပါသည်။ ကိုးကန့်လူမျိုး အများစုသည် တရုတ်အတွေးအခေါ် ပညာရှင်ကွန်ဖြူးရှပ်၏ အတွေးအခေါ်များကို ကျင့်သုံးသူများ ဖြစ်ကြ

သည်။ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုသည် တရုတ်စာပေနှင့် ယဉ်ကျေးမှုကို အခြေခံထားကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ သို့သော် အချို့ အစိတ်အပိုင်းတွင် တရုတ်ယဉ်ကျေးမှုနှင့် ကွဲလွဲမှုများရှိပါသည်။ ဥပမာ - တရုတ်အမျိုးသားများသည် မွေးနေ့ပွဲကို အလေးအနက်ထား၍ လူကြီး၊ လူငယ်မရွေး မွေးနေ့အခမ်းအနား ကျင်းပပြုလုပ်ကြပါသည်။ ကိုးကန့် အမျိုးသားများသည် မွေးနေ့ပွဲကိုပြုလုပ်သည့် အလေ့အထမရှိပေ။ လူတစ်ဦးအား မွေးနေ့ပွဲ ကျင်းပပေးမည်ဟုပြောဆိုခြင်းသည် ထိုသူ အားနှိပ်ကွပ်ရန်(သို့)မကောင်းကြံရန် ပြောဆိုနေခြင်းဖြစ်သည်ကို ကိုးကန့် အမျိုးသားများက သဘောပေါက်ကြပါသည်။ ကိုးကန့်နေ့စဉ်သုံး စကား အခေါ်အဝေါ်များသည် တရုတ်စကားမဟုတ်ဘဲ တိုင်းရင်းသားစကား နှင့်တူပါသည်။ ကိုးကန့်လူမျိုးစတည်လာသည်မှာ နှစ်ပေါင်း( ၃၀၀ ) ကျော်ရှိပြီဖြစ်ကြောင်း မြန်မာသမိုင်းတွင် လေ့လာတွေ့ရှိရပါသည်။ လက်ရှိ ကိုးကန့်တိုင်းရင်းသားများဖြစ်ကြသော ဟန်မိသားစု၊ ယန် မိသားစု၊ လော်မိသားစု၊ ဖုန်မိသားစုနှင့် ချင်မိသားစုများ၏ အမျိုးအနွယ် များ ဆက်လက်နေထိုင်လာကြကြောင်း တွေ့ရှိရပါသည်။ ကိုးကန့် ဒေသသည် မြန်မာဘုရင်လက်ထက်၊ မြန်မာမင်းများ လက်အောက်ခံ ပဒေသရာဇ်စော်ဘွားများလက်ထက်နှင့် အင်္ဂလိပ်အစိုးရတို့မှ အုပ်ချုပ် စဉ်ကာလအတွင်း တိုက်ရိုက်အုပ်ချုပ်ခွင့်ကို ကိုးကန့်စော်ဘွားများ အနေနှင့် ရရှိခဲ့ခြင်းမရှိကြောင်း၊ ပထဝီဝင်အနေအထားအရ ကိုးကန့် ဒေသသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိပြီး လူမျိုးနှင့်ယဉ်ကျေးမှုအရ ကိုးကန့်သားတို့သည် တရုတ်များသာဖြစ် ကြောင်း၊ မြန်မာမင်းနှင့် ပဒေသရာဇ်စော်ဘွားများထံ လက်ဆောင် ပဏ္ဏာဆက်သရသလို တရုတ်စော်ဘွားများထံသို့လည်း လက်ဆောင် ပဏ္ဏာဆက်သ၍ ရေစီးသာရာဘက်သို့ ယိမ်းယိုင်သွားပြီး နေထိုင်ခဲ့သူ

များဖြစ်ပါသည်။ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအား သိမ်းပိုက်စဉ် ကိုးကန့်ဒေသသည် သိန်းနီစော်ဘွား လက်အောက်ခံ ဖြစ်ပြီး ၁၈၈၆ ခုနှစ်၊ ဇူလိုင်လ( ၂၄ )ရက်နေ့တွင် တရုတ်နိုင်ငံ၊ ပီကင်း မြို့တော်တွင်ချုပ်ဆိုသည့် အင်္ဂလိပ် – တရုတ် သဘောတူစာချုပ်အရ ဗြိတိသျှပိုင် မြန်မာပြည်နှင့် တရုတ်ပြည်တို့ နယ်နိမိတ်သတ်မှတ်ရန် သဘောတူခဲ့ပြီး ၁၈၉၄ ခုနှစ်၊ မတ်လ( ၁ )ရက်နေ့တွင် လန်ဒန်မြို့၌ နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ တရုတ်သည် ၁၈၉၄ ခုနှစ် စာချုပ်ကိုဖောက်ဖျက်သည်ဟု အစိုးရမှအကြောင်းပြပြီး ၁၈၉၄ ခုနှစ် နယ်နိမိတ်စာချုပ်သစ်ကို ပြင်ဆင်၍ ၁၈၉၇ ခုနှစ်တွင် နယ်နိမိတ် စာချုပ်သစ်ကို တရုတ်နှင့် ထပ်မံချုပ်ဆိုရာမှ ကိုးကန့်ဒေသအား မြန်မာပိုင်နယ်မြေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၈၉၉ ခုမှ ၁၉၀၀ ခုနှစ် အထိ တရုတ် – မြန်မာ နယ်နိမိတ်ဖြစ်ကြောင်း သတ်မှတ်ရေးအဖွဲ့သည် ၁၈၉၇ ခုနှစ် စာချုပ်အတိုင်း သတ်မှတ်ခဲ့ကြောင်း ၁၉၆၀ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့ နယ်နိမိတ်သတ်မှတ်ရေး စာချုပ်အရ ကိုးကန့်နယ်မြေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း “ယန်”စစ်သူကြီးမျိုးရိုးမှ အစဉ်တစိုက် နယ်ရှင်စော်ဘွား အုပ်ချုပ်သူများအဖြစ် အုပ်ချုပ်ခဲ့ပြီး အင်္ဂလိပ်အစိုးရလက်ထက်တွင် ကိုးကန့်ဒေသအား နယ်ခြားဒေသ အုပ်ချုပ်ရေးစနစ်ဖြင့် စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ပေးထားပြီး ကာကွယ် ရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးကိုသာ အင်္ဂလိပ်အစိုးရမှ ချုပ်ကိုင်ထားကြောင်း၊ ၁၈၉၇ ခုနှစ်တွင် ကိုးကန့်ဒေသအား ဝင်ရောက် တိုက်ခိုက်သူများကို ခုခံကာကွယ်ခဲ့သဖြင့် အင်္ဂလိပ်အစိုးရမှ ကိုးကန့် နယ်ရှင်စော်ဘွား“ယန်ကော်ကျင့်”အား အမှုထမ်းကောင်း တံဆိပ်ရမင်း (A.T.M)ဘွဲ့ကိုပေး၍ မြှောက်စားထားခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် နယ်မြေ

ဆုပူမှုကိုနှိမ်နင်းခဲ့သော ကိုးကန့်မြို့စား"ယန်ဝင်ပင်"အား ငွေခါးဆုတံဆိပ် (T.D.M)ကို ချီးမြှင့်ခဲ့ပါကြောင်း သိရှိရပါသည်။

၃။ လောက်ကိုင်ဒေသသည် ကိုးကန့်တိုင်းရင်းသား အများစုနေထိုင်သဖြင့် ကိုးကန့်ဒေသဟုလည်း ခေါ်ဆိုကြပါသည်။ ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ( ၄ )ရက်နေ့တွင် ချုပ်ဆိုခဲ့သော တရုတ် – အင်္ဂလိပ် နယ်နိမိတ်စာချုပ်အရလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ချုပ်ဆိုသော နယ်နိမိတ်သတ်မှတ်ရေး စာချုပ်အရလည်းကောင်း၊ ကိုးကန့်ဒေသသည် မြန်မာနိုင်ငံအတွင်း တည်ရှိသော ဒေသတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်အစိုးရ အုပ်စိုးစဉ်အခါက ကိုးကန့်ဒေသကို နယ်ခြားအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ပါသည်။ ကိုးကန့်ဒေသသည် ဘိန်းစိုက်ပျိုးနိုင်ရေး ရေ၊ မြေ၊ ရာသီဥတုတို့ကိုက်ညီမှုရှိသည့်အတွက် ၁၈၉၅ ခုနှစ်ခန့်မှစတင်၍ ဘိန်းစိုက်ပျိုးစေခဲ့ရာမှ ဒေသခံများမှာ ဘိန်း( မူးယစ်ဆေးဝါး )၏ ကျေးကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။ ကိုးကန့်ဒေသကို ကိုးကန့်စော်ဘွားများ အုပ်ချုပ်စဉ်ကာလတွင် လောက်ကိုင်မြို့သည်အိမ်ခြေ( ၂၀ )ခန့်သာရှိသော "ကျင်းယွီထန်"ဟု အမည်ရသည့် ကိုးကန့်ရွာငယ်လေး တစ်ခုသာဖြစ်ပါသည်။ ကိုးကန့်စော်ဘွား"ယန်ကျင်းဆိုင်"မှ လောက်ကိုင်တွင် ( ၅ )ရက်တစ်ပတ် ဈေးနေ့သတ်မှတ်ပေးခဲ့သဖြင့် စည်ကားမှု စတင်ဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်နောက်ပိုင်း တွင် စဥ့်ကိုင်ဈေးသစ်ကို ( ၅ )ရက်တစ်ပတ်ဈေး ထပ်မံသတ်မှတ်ခဲ့သည့်အတွက် လောက်ကိုင်ဈေးနေ့ပျက်ခဲ့ပြီး စဥ့်ကိုင်မှာ စည်ကားလာပါသည်။ ၁၉၅၈ ခုနှစ်တွင် ကိုးကန့်စော်ဘွား"ယန်ကျင်းဆိုင်" အာဏာစွန့်လွှတ်ခဲ့ပြီး နောက်ပိုင်းတွင် ကိုးကန့်ဒေသကို ကိုးကန့်ကောင်စီအဖြစ် ဖွဲ့စည်းအုပ်ချုပ်ခဲ့ပြီး

ယန်ကျင့်ရှိန်( ဂျင်မီရန်း )မှ ဥက္ကဋ္ဌတာဝန်ရယူခဲ့ပါသည်။ ကိုးကန့်ကောင်စီသည် တရုတ်ဖြူ ဘိန်းကုန်ကူးအဖွဲ့( ယိုးဒယား )ရှိ မဟာဒေဝီနှင့် ဆက်သွယ်၍ ဘိန်းများ သယ်ဆောင်ခိုးထုတ်ခဲ့သဖြင့် တပ်မတော်မှ လိုက်လံတိုက်ခိုက်ဖမ်းဆီးခဲ့ရာ ယန်ကျင့်ရှိန်(ဂျင်မီရန်း) မှာတောခိုသွားခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ကိုးကန့်ကောင်စီ ပျက်ပြားသွားခဲ့ရပါသည်။ အိမ်စောင့်အစိုးရလက်ထက်တွင် ကိုးကန့်ဒေသကို နယ်ခြားဒေသအုပ်ချုပ်ရေးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းနောက်ပိုင်းတွင် “ဦးလော်စစ်ဟန်” ခေါင်းဆောင်သော ကိုးကန့်လူငယ်အဖွဲ့ကို ဖွဲ့စည်းပြီး ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင် ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် “ဦးလော်စစ်ဟန်”သည် စဥ့်ကိုင်ရွာကို( ဗကပ )ရန်မှ ကင်းဝေးစေရန်အတွက်ပြောင်းရွှေ့စေခဲ့ရာ ကျေးရွာသားများက မပြောင်းရွှေ့ကြသဖြင့် ဦးလော်စစ်ဟန်၏အမိန့်အရ ဒုတိယခေါင်းဆောင် ယန်ကျင်းယဲ့မှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ( ဗကပ )များ ဝင်ရောက်လာသောအခါ မီးလောင်ပြင်ဖြစ်နေသည့်စဥ့်ကိုင်ရွာကို စည်ကားအောင်ပြုလုပ်နိုင်ခြင်းမရှိသဖြင့် လောက်ကိုင်မြို့ကို ပြန်လည်စည်ကားအောင် ဆောင်ရွက်သော်လည်း ထူးခြားစွာ တိုးတက်ပြောင်းလဲမှုများ မရှိခဲ့ပေ။( ဗကပ )များ၏အုပ်ချုပ်မှုအောက် ပြည်တော်သာစီမံကိန်းကာလမှ တည်ဆောက်ပေးခဲ့သော လမ်း၊ တံတား၊ ဆေးပေးခန်း၊ စာသင်ကျောင်းများပင်ပျက်စီးခဲ့ကြောင်း လောက်ကိုင်ဒေသကို ( ဗကပ )များ စိုးမိုးထားခဲ့စဉ်ပါတီအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဦးဖုန်ကြားရှင်ဦးဆောင်သော ထုံမှုံကျွမ်း( ခေါ် )ကိုးကန့်တပ်ပေါင်းစုအဖွဲ့သည် ၁၉၈၉ ခုနှစ်၊ မတ်လ( ၁၂ )ရက်နေ့တွင် ( ဗကပ )များထံမှ ခွဲထွက်ခဲ့ပြီးနောက် ၁၉၈၉ခုနှစ်၊ မတ်လ( ၃၁ )ရက်နေ့တွင် နိုင်ငံတော်

မြေမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက် လက်နက်နှင့် မြေမ်းချမ်းရေးရယူခဲ့ပါသည်။ နိုင်ငံတော်အစိုးရမှ သံလွင်မြစ်အရှေ့ခြမ်း၊ လောက်ကိုင်ဒေသကို အထူးဒေသ( ၁ )ကိုးကန့်ဒေသဟု သတ်မှတ်ပေးပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးဒေသ(၁) ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် ဦးဖုန်ကြာဖူးတို့ဦးစီး၍ လုပ်ဆောင်ခဲ့ချိန်တွင် ကိုးကန့်အုပ်ချုပ်ရေးအဖွဲ့အတွင်း၌ နေ့စဉ်ဘိန်းကိစ္စနှင့်ပတ်သတ်၍ ဦးဖုန်ကြားရှင်အဖွဲ့နှင့် ဦးယန်မိုးလျှံအဖွဲ့တို့ အချင်းချင်းသဘောထား ကွဲလွဲမှုပြဿနာများရှိပြီး(၂၉ - ၁၁ - ၁၉၉၂) ရက်နေ့မှ( ၈ - ၂ - ၁၉၉၃ )ရက်နေ့အထိ ကိုးကန့်ဒေသတွင် တိုက်ပွဲများဖြစ်ခဲ့ပြီးနောက် ဦးယန်မိုးလျှံ ဦးဆောင်သောအဖွဲ့မှအနိုင်ရရှိခဲ့ပြီး ကိုးကန့်ဒေသအား အုပ်ချုပ်ခဲ့ပါသည်။ ဦးယန်မိုးလျှံသည် ဦးဖုန်ကြားရှင်အဖွဲ့အား တိုက်ခိုက်ရာတွင် အထူးဒေသ( ၂ )ရှိ“ဝ”တပ်ဖွဲ့၏ အကူအညီဖြင့် တိုက်ခိုက်အနိုင်ရရှိခဲ့ရာ ၎င်းတို့ အုပ်ချုပ်စဉ်ကာလတွင် အထူးဒေသ( ၁ )၏ဖွဲ့စည်းပုံ၌ အထူးဒေသ( ၂ )မှ“ ဝ ”ခေါင်းဆောင်အချို့အား ကိုးကန့်တပ်ဖွဲ့တွင်ပါဝင်ဖွဲ့စည်းရာမှ သံလွင်အရှေ့ခြမ်း ကိုးကန့်နယ်မြေတွင် “ ဝ ”တပ်ဖွဲ့ဝင်များ ရောက်ရှိနေထိုင်ခဲ့ပါသည်။ ဦးယန်မိုးလျှံအဖွဲ့မှအုပ်ချုပ်နေစဉ် အထူးဒေသ( ၁ )တွင် ပါဝင်သော မုံးကိုးဒေသရှိ ကချင်ဒေသခံများမှ ကျေနပ်မှုမရှိသဖြင့် မုံဆာလနှင့် လီညီမင်းတို့ ဦးဆောင်သည့်အဖွဲ့မှ( ၁ - ၈ - ၁၉၉၅ )တွင် ကိုးကန့်အုပ်ချုပ်မှုအောက်မှ ခွဲထွက်ခဲ့ကြကြောင်း ဦးယန်မိုးလျှံအဖွဲ့မှ ခွဲထွက်သွားသည့် မုံဆာလနှင့် လီညီမင်းတို့အဖွဲ့အား တိုက်ခိုက်မှုပြုနေစဉ် ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး ယခင်က ဦးယန်မိုးလျှံအဖွဲ့အားရှုံးနိမ့်ခဲ့သူ ဦးဖုန်ကြားရှင် အဖွဲ့သည်“ဝ”တပ်ဖွဲ့၏ အကူအညီကိုရ

ယူ၍ ကိုးကန့်ဒေသကို ပြန်လည်အုပ်ချုပ်နိုင်ရန် ဦးယန်မိုးလျှံအဖွဲ့အား တိုက်ခိုက်ခဲ့ပါသည်။ ကိုးကန့်ဒေသအတွင်း ဦးဖုန်ကြားရှင်နှင့် ဦးယန်မိုးလျှံတို့ ဒုတိယအကြိမ် ပြဿနာများဖြစ်ပွားပြီး နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရမှ ကြားဝင်စေ့စပ် ဆောင်ရွက်ပေးခဲ့သဖြင့် ( ၂၃ – ၁၁ – ၁၉၉၅ )ရက်နေ့တွင် ဦးယန်မိုးလျှံအဖွဲ့သည် ၎င်းတို့ပိုင်ဆိုင်သော လက်နက်ခဲယမ်းများအား နိုင်ငံတော်အစိုးရထံ လွှဲပြောင်းအပ်နှံပြီး အလင်းဝင်ရောက်မှုပြုခဲ့ပါသည်။ ဒေသခံပြည်သူများမှာလည်း ၎င်းတို့အချင်းချင်း အာဏာလုတိုက်ပွဲများကြောင့် တစ်ဖက်တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုများ ပြုခဲ့ကြပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုးကန့်ဒေသတွင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များကိုစေလွှတ်၍ ထိန်းသိမ်းခဲ့ရပါသည်။ ဆက်လက်၍ ကိုးကန့်ဒေသကို မြို့နှင့်မြို့နယ်များအဖြစ် သတ်မှတ်ပေးခြင်း၊ ခရိုင်အဖြစ် သတ်မှတ်ပေးခြင်း၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စေလွှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထမ်းဆောင်စေခဲ့ပါသည်။ ကိုးကန့်ဒေသအား ဦးဖုန်ကြားရှင်အဖွဲ့မှ ဆက်လက်အုပ်ချုပ်စဉ်ကာလအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးတို့အတွက် နိုင်ငံတော်အစိုးရမှ( ၂၉ – ၉ – ၁၉၉၅ ) ရက်နေ့တွင် ခရိုင်နှင့်မြို့နယ်များကို ဖွဲ့စည်းပေးခဲ့ပြီးအချိန်တွင် နယ်မြေဒေသအခြေအနေလိုအပ်ချက်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏( ၈ – ၁၂ – ၁၉၉၅ )ရက်နေ့ ညွှန်ကြားချက်ဖြင့် ရှမ်းပြည်နယ်( မြောက်ပိုင်း ) ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏( ၁၉ – ၁၂ – ၁၉၉၅ )ရက်နေ့ ကြေးနန်းစာ ညွှန်ကြားချက်အရ

တပ်မတော်မှ ကိုယ်စားလှယ်( ၅ )ဦး၊ ဦးဖုန်ကြားရှင်အဖွဲ့မှ ကိုယ်စားလှယ်( ၅ )ဦး၊ ဒေသခံကိုယ်စားလှယ်( ၅ )ဦး၊ စုစုပေါင်း ကိုယ်စားလှယ်( ၁၅ )ဦးပါဝင်သော ခရိုင် / မြို့နယ်စည်းရုံးရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့်စည်းရုံးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုအာဏာစိုးမိုးရေးတို့ကို တာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။ ( ၁၈ – ၉ – ၂၀၀၆ ) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ပြင်ဆင်ဖွဲ့စည်းပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

၅။ အထူးဒေသ( ၁ )ခေါင်းဆောင်ဦးဖုန်ကြားရှင်သည် ၎င်း၏ အမာခံတပ်ဖွဲ့ဝင်များ ပြည်ပတရုတ်နိုင်ငံသား ပညာရှင်များနှင့် ပူးပေါင်း၍ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ ရန်လုံကျိုင်းတွင် လက်နက်စက်ရုံ တည်ဆောက်ထားမှုသတင်းတို့အား တရုတ်နိုင်ငံမှ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ( ၁၉ )ရက်နေ့ မြန်မာ – တရုတ် တတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးတွင် သတင်းချပြပေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ( ၈ )ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ လက်နက်စက်ရုံအား ဝင်ရောက်သိမ်းဆည်း၍ စက်ရုံနှင့်ပတ်သတ်ပြီး ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရွှင်၊ ဦးဖုန်းတာလီတို့( ၄ )ဦးအား ဥပဒေနှင့်အညီ လာရောက်ဖြေရှင်းရန် ညှိနှိုင်းခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ ကိုးကန့်ဒေသမှ တိမ်းရှောင်နေခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ( ၂၇ )ရက်နေ့တွင် ဦးဖုန်ကြားရှင်၏သစ္စာခံ ကိုးကန့်တပ်ဖွဲ့ဝင်များ၊ ( MNDAA )မှ မြန်မာ – တရုတ်နယ်စပ်၊ ရန်လုံကျိုင်းနယ်စပ်ဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်

များအား ဖမ်းဆီးမှုအပေါ် ကယ်ဆယ်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ဦးဖုန်ကြားရှင်၏ ကိုးကန့်တပ်ဖွဲ့ဝင်( MNDAA )များမှ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်ခြင်း၊ ဖမ်းဆီးထားသည့်ရဲတပ်ဖွဲ့ဝင်များအား ပစ်သတ်ခြင်းများပြုလုပ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ( ၂၇ )ရက်နေ့၊ ညနေ( ၁၆၀၆ )နာရီချိန်တွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက ဦးဖုန်ကြားရှင်နှင့် သစ္စာခံတပ်ဖွဲ့များအား ပြန်လည်ပစ်ခတ်ပြီး ၎င်းတို့၏ဌာနချုပ်များကို ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ( ၂၈ )ရက်နေ့၊ ည( ၂၃၁၅ )နာရီအချိန်တွင် သိမ်းပိုက်နိုင်ခဲ့ပါသည်။

၆။ ချင်းရွှေဟော်မြို့နယ်ခွဲအား ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ( ၂၉ )ရက်နေ့ ညနေ( ၁၈၁၅ )နာရီချိန်တွင် ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီး ပစ်ခတ်မှုများအဆုံးသတ်နိုင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ( ၁ )ရက်နေ့တွင် ဦးပယ်စောက်ချိန်ဦးစီးအဖွဲ့ “ယာယီဦးစီးကော်မတီ” အားဖွဲ့စည်းတာဝန်ပေးအပ်၍ ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပြီး ကိုးကန့်ဒေသကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ( ၂၄ )ရက်နေ့၊ ဒီဇင်ဘာလ( ၄ )ရက်နေ့၊ ဒီဇင်ဘာလ( ၂၃ )ရက်နေ့၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ( ၁၆ )ရက်နေ့၊ ဖေဖော်ဝါရီလ( ၁၅ )ရက်နေ့၊ ဖေဖော်ဝါရီလ( ၁၇ )ရက်နေ့၊ မတ်လ ( ၆ )ရက်နေ့များတွင် ဦးဖုန်ကြားရှင်၏ သစ္စာခံများမှ လောက်ကိုင်မြို့ပေါ်တွင် ဗုံးဖောက်ခွဲမှု၊ ချောင်းမြောင်းပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၀ ခုနှစ်၊ မတ်လ( ၂၇ )ရက်နေ့တွင် တရားခံအချို့အား ဗုံးများဖြင့် ဖမ်းဆီးရမိခဲ့ပါသည်။ ( ၃၀ - ၃ - ၂၀၁၁ )ရက်နေ့( ၀၈၃၀ )နာရီချိန်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ( ၃၀ – ၃ – ၂၀၁၁ ) ရက်စွဲပါအမိန့်အမှတ်၊ ( ၂၂ / ၂၀၁၁ )ပေးပို့လာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ( သို့ )ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးအပ်ခြင်းအား ဖွင့်ဖောက်ကြေညာ ဖတ်ကြားပြီးနောက် လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အုပ်ချုပ်ရေးအာဏာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အုပ်ချုပ်ရေးအာဏာများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းဦးမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်( ခ ) ဘောစော်ချိန်ထံသို့( ၁၈၅၅ )နာရီချိန်တွင် သက်မှတ်ညွှန်ကြားချက်နှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ခြင်း နှင့် လောက်ကိုင်ခရိုင်အတွင်းရှိ မြို့နယ် / မြို့နယ်ခွဲ / ရပ်ကွက် / ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အုပ်ချုပ်ရေးအာဏာများအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားအား( ၃၀ – ၃ – ၂၀၁၁ )ရက်နေ့( ၁၈၅၅ ) နာရီအချိန်တွင် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမများတွင် ဆောင်ရွက်ခဲ့ပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်း၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန် ဦးဆောင်၍ အလုပ်အမှုဆောင်( ၂ )ဦး၊ ဦးစီးအဖွဲ့ဝင်( ၄ )ဦး၊ ဖြည့်စွက်ဦးစီးအဖွဲ့ဝင်( ၃ )ဦး၊ ပေါင်း( ၁၀ )ဦးဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်( ၉ – ၂ – ၂၀၁၅ )ရက်နေ့မှစတင်၍

( MNDAA )သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာခဲ့သဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ( ၁၇ )ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်( ၁ / ၂၀၁၅ )ဖြင့် အရေးပေါ်အခြေအနေကြေညာပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်( ၂ / ၂၀၁၅ ) ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ရာ( ၁၇ - ၁၁ - ၂၀၁၅ )ရက်နေ့တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ( ၇ / ၂၀၁၅ )ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာခဲ့ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း( သို့မဟုတ် ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေအခန်း( ၈ )ပုဒ်မ( ၅၃ )၊ ပုဒ်မခွဲ( က )အရ **“ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူး သက်တမ်းအတိုင်းဖြစ်သည် ”**ဟု ပြဋ္ဌာန်းထားရှိရာ( ၃၀ - ၃ - ၂၀၁၆ )ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ( ပထမအကြိမ် )ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ရာထူးသက်တမ်းကုန်ဆုံးပြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ( ၂၇၆ )အရလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ( သို့မဟုတ် )ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေအခန်း( ၂၊ ၃ ၊ ၄ ၊ ၅ )ပါ ပြဋ္ဌာန်းချက်များအရ( ၇ - ၄ - ၂၀၁၆ )ရက်နေ့တွင် အသစ်ပြန်လည်ရွေးချယ် ခန့်အပ်ထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်ထံသို့( ၇ - ၄ - ၂၀၁၆ )ရက်နေ့( ၀၉၀၀ )နာရီချိန်တွင် လွှဲပြောင်း / လက်ခံဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

အား ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ( ၅၆ )အရ သတ်မှတ် မြို့နယ်များနှင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အတွင်း လောက်ကိုင်ခရိုင်အား နယ်နိမိတ်ပြင်ဆင်သတ်မှတ်နိုင်ရေးနှင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၆( င )တွင် ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု သတ်မှတ်ထားပြီးဖြစ်သဖြင့် လက်ရှိ လောက်ကိုင်ခရိုင်အား ပြည်ထဲရေးအမည်ပေါက်စာရင်းမှ ပယ်ဖျက်ရေး တို့အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လောက်ကိုင်မြို့၏ ( ၂၅ – ၉ – ၂၀၁၈ )ရက်စွဲပါစာအမှတ်၊ ၁ / ၁ – ၁၂ ( ၁၇၁၉ ) / ဦး ၁ ( အထဉ )ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ( တောင်ကြီးမြို့ )သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲတည်ဆောက် တင်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏( ၁၆ – ၅ – ၂၀၁၉ )ရက်စွဲ ပါ၊ အမိန့်ကြော်ငြာစာအမှတ်( ၁၃၀ / ၂၀၁၉ )ဖြင့် နယ်နိမိတ်ပြင်ဆင် ဖွဲ့စည်း၍ လောက်ကိုင်ခရိုင်အား ပယ်ဖျက်ပြီး ကုန်းကြမ်းမြို့နှင့် လောက်ကိုင်မြို့နယ်တို့အားစုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် ပြုပြင်ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ၏( ၃ – ၂ – ၂၀၂၁ )ရက်စွဲပါ စာအမှတ်( ၁၇ / ၂၀၂၁ ) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း( သို့မဟုတ် )ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းခဲ့ပါသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း( သို့မဟုတ် )ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏( ၄ – ၃ – ၂၀၂၁ )ရက်စွဲပါ ရုံးအမိန့်အမှတ် ( ၈၆ / ၂၀၂၁ )အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်

ရေးအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး ကိုးကန့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည် -

(က) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| ( ၁ ) | ဦးမြင့်ဆွေ( ခ )လီကျိန်းဖူ | ဥက္ကဋ္ဌ |
| ( ၂ ) | ဗိုလ်မှူးကြီး<br>သော်နောင် | အဖွဲ့ဝင် |
| ( ၃ ) | ဦးဘောရင်နယ်(ခ)<br>ဦးခင်မောင်လွင် | အဖွဲ့ဝင် |
| ( ၄ ) | ဦးမျိုးဇော်သန်း | အဖွဲ့ဝင် |
| ( ၅ ) | ရဲမှူး စိုးဝင်း | အဖွဲ့ဝင် |
| ( ၆ ) | ဦးမိုးဇော်လတ် | အတွင်းရေးမှူး |

## အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာအကျယ်အဝန်း

၃။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြောက်လတ္တီတွဒ် ( ၂၃ )ဒီဂရီ( ၂၄ )မိနစ်နှင့် ( ၂၄ )ဒီဂရီ( ၀၉ )မိနစ်ကြား အရှေ့လောင်ဂျီတွဒ်( ၉၈ )ဒီဂရီ( ၂၄ )မိနစ်နှင့် ( ၉၈ )ဒီဂရီ( ၅၃ )မိနစ် အကြားတွင် တည်ရှိပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဧရိယာအကျယ်အဝန်းမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ဧရိယာစတုရန်းမိုင် | ကျေးရွာအုပ်စုများ ဧရိယာစတုရန်းမိုင်ပေါင်း | မြို့နယ်ဧရိယာစတုရန်းမိုင်ပေါင်း |
|---|---|---|---|---|
| ၁ | လောက်ကိုင်မြို့နယ် | ၄.၂၃ | ၃၁၂.၄၃ | ၃၁၆.၆၆ |
| ၂ | ချင်းရွှေဟော်မြို့ | ၀.၃ | - | ၀.၃ |
| ၃ | ကုန်းကြမ်းမြို့နယ် | ၀.၀၇ | ၄၁၄.၁၈ | ၄၁၄.၂၅ |
| ၄ | မော်ထိုက်မြို့ | ၀.၀၈ | - | ၀.၀၈ |
| စုစုပေါင်း | | ၄.၆၈ | ၇၂၆.၆၁ | ၇၃၁.၂၉ |

## နယ်နိမိတ်

၄။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် လားရှိုးခရိုင်၊ ကွမ်းလုံမြို့နယ်၊ အနောက်ဘက်တွင် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ကုန်းတောင်တန်းများ၊ လျှိုမြောင်များ၊ ချောင်းများထူထပ်ပေါများပြီး မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်နည်းပါးသော ဒေသတစ်ခုဖြစ်ပါ သည်။

## ရေဆင်း

၆။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြစ်ချောင်းများနည်းပါးသည့်ဒေသတစ်ခုဖြစ်ပြီး သံလွင်မြစ်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပါသည်။

## ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်

**၇။** ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အထက်အမြင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ပင်လယ်ရေမျက်နှာပြင်အမြင့်(ပေ) |
|---|---|---|
| ၁ | လောက်ကိုင်မြို့နယ် | ၃၁၀၀ |
| ၂ | ကုန်းကြမ်းမြို့နယ် | ၅၁၈၉ |
| ၃ | ချင်းရွှေဟော်မြို့ | ၁၄၀၀ |
| ၄ | မော်ထိုက်မြို့ | ၅၇၄၂ |
| **ဒေသချုပ်** | | **၃၁၀၀** |

## အခန်း(၃)

## ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်

### ရာသီဥတု

၈။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန်(၃၄°C)နှင့်အနိမ့်ဆုံးအပူချိန်မှာ(၈°C) ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ(°C) | ဆောင်းရာသီ(°C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၈ | ၁၁၁ | ၇၂.၄၄ | ၃၀ | ၁၄ |
| ၂ | ၂၀၁၉ | ၉၁ | ၄၄.၅၂ | ၃၄ | ၈ |
| ၃ | ၂၀၂၀ | ၁၂၃ | ၅၅.၁၅ | ၃၃ | ၈ |
| ၄ | ၂၀၂၁ | ၁၀၉ | ၅၁.၇၇ | ၃၂ | ၈ |
| ၅ | ၂၀၂၂ | ၅၉ | ၃၆.၀၁ | ၃၄ | ၈ |

**သဘာဝပေါက်ပင်များ**

၉။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ သစ်နီ၊ ယမနေ၊ သစ်အယ်နှင့် ရောနှောသစ်များ ဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

၁၀။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ ဂျီ၊ ဆတ်၊ တောင်ဆိတ်၊ မျောက်၊ တောဝက်၊တောကြောင်တို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

၁၁။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သစ်တောဖုံးလွှမ်းမှုမှာ( ၇၀ % )ဖုံးလွှမ်းလျက် ရှိပါသည်။ ဒေသခံပြည်သူများအနေဖြင့် အခြေခံစားဝတ်နေရေးအတွက် ရွှေ့ပြောင်းတောင်ယာများခုတ်ထွင်ရှင်းလင်းခြင်း၊ တိုးပွားလာသည့်လူဦးရေအတွက် နေအိမ်အဆောက်အဦများတိုးချဲ့ဆောက်လုပ်လာခြင်း၊ မီးဖိုချောင်သုံးထင်းများခုတ်ယူခြင်းကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရေထွက်များ ခမ်းခြောက်ခြင်း၊ လျော့နည်းလာခြင်းတို့အပြင် ရာသီဥတုပူပြင်းခြောက်သွေ့လာခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် နှစ်စဉ်မိုးရာသီဝင် ဇူလိုင်လအတွင်း သစ်ပင်စိုက်ပျိုးပွဲတော်များပြုလုပ်လျက် ကြီးမြန်လွယ်သည့်အပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီမည့်အပင်အမျိုးအစားများအား ပျိုးထောင်ထားရှိခြင်း၊ သေပင်များပြန်လည်

ဖာထေးစိုက်ပျိုးခြင်း၊ ကျေးရွာများအလိုက် ထင်းစိုက်ခင်းများ ဆောင်ရွက်ရန်စည်းရုံးခြင်း၊ သစ်တောများခုတ်ထွင်ခြင်းကို တားမြစ်ဆောင်ရွက်ခြင်း၊ တစ်အိမ်ထောင်လျှင် သစ်မာ(၂၀)ပင်နှင့် အခြားကြီးမြန်ပင်များ စိုက်ပျိုးရန်စည်းရုံးခြင်း၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် အရိပ်ရပင်များစိုက်ပျိုးခြင်း၊ ရေဝေရေလဲနေရာများအား ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဒေသခံပြည်သူများပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ ပညာပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ လူနှင့် ပတ်ဝန်းကျင်ဂေဟစနစ်မျှတစေရန် သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | သဘာဝဘေး အန္တရာယ် အမည် | ဖြစ်ပွား ကြိမ် | သေ/ ပျောက် ဦးရေ | အဆောက် အဦပျက်စီး ဆုံးရှုံးမှု | ဆုံးရှုံးမှု တန်ဘိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | - | - | - | - |
| ၂ | ဆူနာမီဘေး | - | - | - | - |
| ၃ | လျှော်ဘေး | - | - | - | - |
| ၄ | မီးဘေး | - | - | - | - |
| ၅ | ရေဘေး | - | - | - | - |
| ၆ | လေဘေး | - | - | - | - |
| | **စုစုပေါင်း** | - | - | - | - |

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | လူမျိုးစု | ဦးရေ | ဒေသ လူဦးရေ | ဒေသလူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၅၇၁ | ၁၃၀၀၁၁ | ၀.၄၄ |
| ၂ | ကယား | ၁ | ၁၃၀၀၁၁ | ၀.၀၀၁ |
| ၃ | ကရင် | ၉၆ | ၁၃၀၀၁၁ | ၀.၀၇ |
| ၄ | ချင်း | ၉၂ | ၁၃၀၀၁၁ | ၀.၀၇ |
| ၅ | ဗမာ | ၁၂၅၁၈ | ၁၃၀၀၁၁ | ၉.၆၃ |
| ၆ | မွန် | ၁၈၈ | ၁၃၀၀၁၁ | ၀.၁၄ |
| ၇ | ရခိုင် | ၂၀၀ | ၁၃၀၀၁၁ | ၀.၁၅ |
| ၈ | ရှမ်း | ၁၀၁၃၅ | ၁၃၀၀၁၁ | ၇.၈ |
| ၉ | အခြား | ၁၀၆၂၁၀ | ၁၃၀၀၁၁ | ၈၁.၆၉ |
| **စုစုပေါင်း** | | **၁၃၀၀၁၁** | **၁၃၀၀၁၁** | **၁၀၀** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အိမ်ခြေ၊ အိမ်ထောင်စု**

| စဉ် | မြို့နယ် / မြို့ | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | မြို့နေ | ၃၀၅၁ | ၂၉၅၂ | ၆ | - | - |
| | | ကျေးလက်နေ | ၁၀၇၈၂ | ၁၀၈၄၅ | - | ၈ | ၁၃၇ |
| **ပေါင်း** | | | **၁၃၈၃၃** | **၁၃၇၉၇** | **၆** | **၈** | **၁၃၇** |
| ၂ | ကုန်းကြမ်း | မြို့နေ | ၂၀၄ | ၁၆၃ | ၆ | - | - |
| | | ကျေးလက်နေ | ၇၅၈၂ | ၆၇၄၀ | - | ၈ | ၁၄၁ |
| **ပေါင်း** | | | **၇၇၈၆** | **၆၉၀၃** | **၆** | **၈** | **၁၄၁** |
| ဒေသချုပ် | | မြို့နေ | ၃၂၅၅ | ၃၁၁၅ | ၁၂ | - | - |
| | | ကျေးလက်နေ | ၁၈၃၆၄ | ၁၇၅၈၅ | - | ၁၆ | ၂၇၈ |
| **ပေါင်း** | | | **၂၁၆၁၉** | **၂၀၇၀၀** | **၁၂** | **၁၆** | **၂၇၈** |

## ( ခ ) လူဦးရေ

| စဉ် | မြို့နယ် | အကြောင်းအရာ | အသက်(၁၈)နှစ်အောက် | | | အသက်(၁၈)နှစ်အထက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | လောက်ကိုင် | မြို့နေ | ၁၃၉၆ | ၁၄၁၁ | ၂၈၀၇ | ၉၅၁၄ | ၁၀၂၄၃ | ၁၉၇၅၇ | ၁၀၉၁၀ | ၁၁၆၅၄ | ၂၂၅၆၄ |
| | | ကျေးလက်နေ | ၇၄၁၃ | ၇၄၁၃ | ၁၄၈၂၆ | ၂၃၅၃၈ | ၂၄၀၇၀ | ၄၇၆၀၈ | ၃၀၉၅၁ | ၃၁၄၈၃ | ၆၂၄၃၄ |
| **ပေါင်း** | | | **၈၈၀၉** | **၈၈၂၄** | **၁၇၆၃၃** | **၃၃၀၅၂** | **၃၄၃၁၃** | **၆၇၃၆၅** | **၄၁၈၆၁** | **၄၃၁၃၇** | **၈၄၉၉၈** |
| ၂ | ကုန်းကြမ်း | မြို့နေ | ၁၆၃ | ၁၄၇ | ၃၁၀ | ၃၇၆ | ၃၅၁ | ၇၂၇ | ၅၃၉ | ၄၉၈ | ၁၀၃၇ |
| | | ကျေးလက်နေ | ၇၉၀၃ | ၇၉၃၆ | ၁၅၈၃၉ | ၁၄၀၃၄ | ၁၄၁၀၃ | ၂၈၁၃၇ | ၂၁၉၃၇ | ၂၂၀၃၉ | ၄၃၉၇၆ |
| **ပေါင်း** | | | **၈၀၆၆** | **၈၀၈၃** | **၁၆၁၄၉** | **၁၄၄၁၀** | **၁၄၄၅၄** | **၂၈၈၆၄** | **၂၂၄၇၆** | **၂၂၅၃၇** | **၄၅၀၁၃** |
| ဒေသချုပ် | | မြို့နေ | ၁၅၅၉ | ၁၅၅၈ | ၃၁၁၇ | ၉၈၉၀ | ၁၀၅၉၄ | ၂၀၄၈၄ | ၁၁၄၄၉ | ၁၂၁၅၂ | ၂၃၆၀၁ |
| | | ကျေးလက်နေ | ၁၅၃၁၆ | ၁၅၃၄၉ | ၃၀၆၆၅ | ၃၇၅၇၂ | ၃၈၁၇၃ | ၇၅၇၄၅ | ၅၂၈၈၈ | ၅၃၅၂၂ | ၁၀၆၄၁၀ |
| **ပေါင်း** | | | **၁၆၈၇၅** | **၁၆၉၀၇** | **၃၃၇၈၂** | **၄၇၄၆၂** | **၄၈၇၆၇** | **၉၆၂၂၉** | **၆၄၃၃၇** | **၆၅၆၇၄** | **၁၃၀၀၁၁** |

## လူဦးရေတိုးနှုန်းနှင့် ကျား/မအချိုး

၁၆။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၂၂ ခုနှစ်၊ လူဦးရေတိုးနှုန်းနှင့် ကျား / မ အချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး**

| စဉ် | မြို့နယ် | ယခင်နှစ်လူဦးရေ | ယခုနှစ်လူဦးရေ | တိုးလာဦးရေ | တိုးနှုန်း | ကျား / မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | လောက်ကိုင် | ၈၀၃၄၂ | ၈၄၉၉၈ | ၃၆၅၆ | ၄.၄၉၅ | ၄၁၈၆၁ | ၄၃၁၃၇ | ၁:၁ |
| ၂ | ကုန်းကြမ်း | ၄၅၀၀၄ | ၄၅၀၁၃ | ၉ | ၀.၀၂ | ၂၂၄၇၆ | ၂၂၅၃၇ | ၁:၁ |
| ဒေသချုပ် | | ၁၂၆၃၄၆ | ၁၃၀၀၁၁ | ၃၆၆၅ | ၂.၉၀၁ | ၆၄၃၃၇ | ၆၅၆၇၄ | ၁:၁ |

( ခ ) **မွေးဖွား၊ သေဆုံးနှုန်း၊ ပြောင်းဝင်၊ ပြောင်းထွက်လူဦးရေ**

| စဉ် | မြို့နယ် | မူလလူဦးရေ | မွေးဖွားဦးရေ | သေဆုံးဦးရေ | ပြောင်းဝင်ဦးရေ | ပြောင်းထွက်ဦးရေ | လက်ရှိလူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ၈၀၃၄၂ | ၂၇ | ၄၉ | ၃၇၈၄ | ၁၀၆ | ၈၄၉၉၈ |
| ၂ | ကုန်းကြမ်း | ၄၅၀၀၄ | ၅ | ၃ | ၈ | ၁ | ၄၅၀၁၃ |
| ဒေသချုပ် | | ၁၂၆၃၄၆ | ၃၂ | ၅၂ | ၃၇၉၂ | ၁၀၇ | ၁၃၀၀၁၁ |

## ကိုးကွယ်သည့်ဘာသာအလိုက်လူဦးရေ

၁၇။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | မြို့နယ် | ဗုဒ္ဓဘာသာ | ခရစ်ယာန် | ဟိန္ဒူဘာသာ | အစ္စလာမ်ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ၂၂၄၄၈ | ၇၄၀ | - | - | - | ၆၁၈၁၀ | ၈၄၉၉၈ |
| ၂ | ကုန်းကြမ်း | ၄၄၅၉၇ | ၄၁၆ | - | - | - | - | ၄၅၀၁၃ |
| **ဒေသချုပ်** | | **၆၇၀၄၅** | **၁၁၅၆** | **-** | **-** | **-** | **၆၁၈၁၀** | **၁၃၀၀၁၁** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နိုင်ငံခြားသားများ နေထိုင်သူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | မြို့နယ် | နိုင်ငံခြားသားများ | | | | | | |
|---|---|---|---|---|---|---|---|---|
| | | တရုတ် | အိန္ဒိယ | ပါကစ္စတန် | ဘင်္ဂလားဒေ့ရှ် | ထိုင်း | အခြား | ပေါင်း |
| ၁ | လောက်ကိုင် | - | - | - | - | - | - | - |
| ၂ | ကုန်းကြမ်း | - | - | - | - | - | - | - |
| **စုစုပေါင်း** | | **-** | **-** | **-** | **-** | **-** | **-** | **-** |

# အခန်း(၅)

# အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

## အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ချင်းရွှေဟော် | ၆ | ၈ | ၁၃၇ |
| ၂ | ကုန်းကြမ်း | မော်ထိုက် | ၆ | ၈ | ၁၄၁ |
| | **၂** | **၂** | **၁၂** | **၁၆** | **၂၇၈** |

## အုပ်ချုပ်ရေးမှူးရုံးများ

၂၀။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့နယ်၊ မြို့နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဒေသ/ မြို့နယ် / မြို့ | အုပ်ချုပ်ရေးမှူး အမည် | ဒေသ | မြို့နယ်ရုံး | မြို့ရုံး | ရပ်ကွက်ရုံးပေါင်း | ကျေးရွာအုပ်စုရုံး ပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ကအဒ(ကိုးကန့်) ထွေ / ဦးစီး | ဦးမိုးဇော်လတ် | ၁ | - | - | - | - |
| ၂ | လောက်ကိုင် | ဦးသိန်းဇော်ဦး | - | ၁ | - | ၃ | ၈ |
| ၃ | ကုန်းကြမ်း | ဦးကျော်ကျော်ထွန်း | - | ၁ | - | ၃ | ၈ |
| ၄ | ချင်းရွှေဟော်မြို့ | ဦးသက်ဦးပိုင်(ခ) လီကြားရှိုး | - | - | ၁ | ၃ | - |
| ၅ | မော်ထိုက်မြို့ | ဦးအောင်သူလင်း | - | - | ၁ | ၃ | - |
| **စုစုပေါင်း** | | **၅** | **၁** | **၂** | **၂** | **၁၂** | **၁၆** |

## ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအင်အားစာရင်း

၂၁။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအင်အားစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဌာနဆိုင်ရာ အမည် | ခွင့် ပြု | | | ခန့်ထား | | | လစ်လပ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း |
| ၁ | ကအဒထွေဦးစီးမှူးရုံး | ၅ | ၅၂ | ၅၇ | ၅ | ၄၄ | ၄၉ | - | ၈ | ၈ |
| ၂ | ဒေသတရားရုံး | ၂ | ၁၆ | ၁၈ | ၁ | ၅ | ၆ | ၁ | ၁၁ | ၁၂ |
| ၃ | ဒေသဥပဒေရုံး | ၄ | ၈ | ၁၂ | ၁ | ၃ | ၄ | ၃ | ၅ | ၈ |
| ၄ | ဒေသစီမံကိန်း | ၈ | ၁၀ | ၁၈ | ၁ | ၂ | ၃ | ၇ | ၈ | ၁၅ |
| ၅ | ဒေသမွေး / ကု | ၁ | ၇ | ၈ | ၁ | ၁ | ၂ | - | ၆ | ၆ |
| ၆ | ဒေသကော်မရှင် | ၂ | ၅ | ၇ | ၂ | ၄ | ၆ | - | ၁ | ၁ |
| ၇ | ဒေသမြို့ / ရာ | ၂ | ၈ | ၁၀ | ၂ | ၂ | ၄ | - | ၆ | ၆ |
| ၈ | ဒေသရ / သုံး | ၃ | ၈ | ၁၁ | ၁ | ၄ | ၅ | ၂ | ၄ | ၆ |
| ၉ | ဒေသပြန်/ဆက် | ၂ | ၁၄ | ၁၆ | ၂ | ၆ | ၈ | - | ၈ | ၈ |
| ၁၀ | ဒေသလမ်းဦးစီး | ၃ | ၄၃ | ၄၆ | ၃ | ၁၄ | ၁၇ | - | ၂၉ | ၂၉ |
| ၁၁ | ဒေသလူမှုဝန်ထမ်း | ၃ | ၁၄ | ၁၇ | ၂ | ၇ | ၉ | ၁ | ၇ | ၈ |
| ၁၂ | ဒေသကျေးလက်လမ်း | ၁ | ၁၀ | ၁၁ | ၁ | ၂ | ၃ | - | ၈ | ၈ |
| ၁၃ | ဒေသလဝက | ၅ | ၁၁ | ၁၆ | ၂ | ၇ | ၉ | ၃ | ၄ | ၇ |

| စဉ် | ဌာနဆိုင်ရာ အမည် | ခွင့်ပြု | | | ခန့်ထား | | | လစ်လပ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း | အရာရှိ အဆင့် | အခြား အဆင့် | ပေါင်း |
| ၁၄ | ဒေသရဲ | ၁၇ | ၃၁ | ၄၈ | ၁၀ | ၂၂ | ၃၂ | ၇ | ၉ | ၁၆ |
| ၁၅ | ဒေသကျေးလက် | ၄ | ၂၀ | ၂၄ | ၁ | ၈ | ၉ | ၃ | ၁၂ | ၁၅ |
| ၁၆ | ဒေသပညာရေး | - | - | - | - | - | - | - | - | - |
| ၁၇ | ခရိုင်ကျန်းမာရေး | ၂၁ | ၆၈ | ၈၉ | ၁ | ၁ | ၂ | ၂၀ | ၆၇ | ၈၇ |
| ၁၈ | ခရိုင်ကုသရေး | ၁၂ | ၂၈ | ၄၀ | ၁ | - | ၁ | ၁၁ | ၂၈ | ၃၉ |
| ၁၉ | ခရိုင်မီးသတ် | ၁၁ | ၄၉ | ၆၀ | ၈ | ၃၀ | ၃၈ | ၃ | ၁၉ | ၂၂ |
| ၂၀ | ခရိုင်လယ်စာရင်းအင်း | ၂ | ၈ | ၁၀ | - | ၂ | ၂ | ၂ | ၆ | ၈ |
| ၂၁ | ခရိုင်လျှပ်စစ် | ၂ | ၁၂ | ၁၄ | ၂ | ၆ | ၈ | - | ၆ | ၆ |
| ၂၂ | ခရိုင်ဖဖရ | ၃ | ၃၀ | ၃၃ | ၃ | ၆ | ၉ | - | ၂၄ | ၂၄ |
| ၂၃ | ခရိုင်စစစ | ၁ | ၃ | ၄ | ၁ | ၃ | ၄ | - | - | - |
| ၂၄ | ခရိုင်စိုက်ပျိုးရေး | ၅ | ၂၇ | ၃၂ | ၄ | ၁၁ | ၁၅ | ၁ | ၁၆ | ၁၇ |
| ၂၅ | ခရိုင်အား / ကာ | ၂ | ၇ | ၉ | ၁ | ၂ | ၃ | ၁ | ၅ | ၆ |
| ၂၆ | ခရိုင်အကျဉ်းဦးစီး | ၁ | ၅၉ | ၆၀ | - | ၃ | ၃ | ၁ | ၅၆ | ၅၇ |
| **စုစုပေါင်း** | | ၁၂၂ | ၅၄၈ | ၆၇၀ | ၅၆ | ၁၉၅ | ၂၅၁ | ၆၆ | ၃၅၃ | ၄၁၉ |

**တရားစီရင်ရေး**

၂၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၂၀ – ၂၀၂၁ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ တရားစီရင်ရေး ဆောင်ရွက်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **အမှုကြီး( ၁၀ )မျိုး**

| **စဉ်** | **အမှုအမျိုးအစား** | **၂၀၂၁ - ၂၀၂၂ ခုနှစ်** | | | | **၂၀၂၂ - ၂၀၂၃ ခုနှစ်** | | | |
|---|---|---|---|---|---|---|---|---|---|
| | | **ဖြစ်ပွားမှု** | **ဖော်မှု** | **တရားစွဲမှု** | **ပြစ်ဒဏ်ကျမှု** | **ဖြစ်ပွားမှု** | **ဖော်မှု** | **တရားစွဲမှု** | **ပြစ်ဒဏ်ကျမှု** |
| ၁ | လူသတ်မှု | ၂၈ | ၁၇ | ၄ | ၇ | ၁၁ | ၈ | - | ၃ |
| ၂ | ဓားပြမှု | - | - | - | - | - | - | - | - |
| ၃ | လုယက်မှု | - | - | - | - | - | - | - | - |
| ၄ | ပြန်ပေးဆွဲမှု | - | - | - | - | - | - | - | - |
| ၅ | မုဒိန်းမှု | - | - | - | - | - | - | - | - |
| ၆ | ဖောက်ထွင်းမှု | - | - | - | - | - | - | - | - |
| ၇ | တိရစ္ဆာန်ခိုးမှု | - | - | - | - | - | - | - | - |
| ၈ | နိုင်ငံတော်ပုန်ကန်မှု | - | - | - | - | - | - | - | - |
| ၉ | လက်နက်အရေးပေါ်မှု | - | - | - | - | - | - | - | - |
| ၁၀ | မတရားအသင်းမှု | ၃ | ၃ | - | - | ၂ | ၂ | - | - |
| **စုစုပေါင်း** | | ၃၁ | ၂၀ | ၄ | ၇ | ၁၃ | ၁၀ | - | ၃ |

## ( ခ ) အခြားအမှု( ၁၀ )မျိုး

| စဉ် | အမှုအမျိုး အစား | ၂၀၂၁ - ၂၀၂၂ ခုနှစ် | | | | ၂၀၂၂ - ၂၀၂၃ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဖြစ်ပွားမှု | ဖော်ထုတ်မှု | ဆိုင်းငံ့မှု | လက်ကျန်မှု | ဖြစ်ပွားမှု | ဖော်ထုတ်မှု | ဆိုင်းငံ့မှု | လက်ကျန်မှု |
| ၁ | ဖ( ၁ )မှု | - | - | - | - | - | - | - | - |
| ၂ | ခိုး( စက် ) | - | - | - | - | - | - | - | - |
| ၃ | ခိုး( နွား ) | ၁ | ၁ | - | - | ၁ | ၁ | - | - |
| ၄ | ခိုး( ၃၈၂ ) | - | - | - | - | - | - | - | - |
| ၅ | ခိုး( ဆိုင်ကယ် ) | ၂ | ၂ | - | - | - | - | - | - |
| ၆ | ခိုး( ကား ) | ၃ | ၃ | - | - | - | - | - | - |
| ၇ | ခိုး( ရိုးရိုး ) | ၁ | ၁ | - | - | - | - | - | - |
| ၈ | နှာကျင်( ရိုးရိုး ) | ၂ | ၁ | - | ၁ | ၁ | - | - | ၁ |
| ၉ | နှာကျင်(ယာဉ်) | ၉ | ၆ | ၂ | ၁ | ၃ | ၃ | - | - |
| ၁၀ | ကျန်အခြား | ၄၆ | ၄၂ | ၁ | ၃ | ၁၁ | ၉ | ၁ | ၁ |
| စုစုပေါင်း | | ၆၄ | ၅၆ | ၃ | ၅ | ၁၆ | ၁၃ | ၁ | ၂ |

## ( ဂ ) ကြိုတင်ကာကွယ်မှု( ၁၁ )မျိုး

| စဉ် | အမှုအမျိုး အစား | ၂၀၂၁ - ၂၀၂၂ ခုနှစ် | | | | ၂၀၂၂ - ၂၀၂၃ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဖြစ်ပွားမှု | စွဲဆိုမှု | ပိတ်သိမ်းမှု | လက်ကျန်မှု | ဖြစ်ပွားမှု | စွဲဆိုမှု | ပိတ်သိမ်းမှု | လက်ကျန်မှု |
| ၁ | လက်နက်ပုန်း | ၉ | ၈ | - | ၁ | ၂ | ၁ | - | ၁ |
| ၂ | လောင်းကစား | - | - | - | - | - | - | - | - |
| ၃ | ပြည့်တန်ဆာ | - | - | - | - | - | - | - | - |
| ၄ | မူးယစ် | ၄၃ | ၄၀ | ၁ | ၁ | ၁၅ | ၁၄ | - | ၁ |
| ၅ | ခြေချုပ် / ခံဝန် | ၁ | ၁ | - | - | ၁ | ၁ | - | - |
| ၆ | ကျင့်၅၄ / ၅၅ | ၃ | ၃ | - | - | ၂ | ၂ | - | - |
| ၇ | ရဲအက် | ၅ | ၅ | - | - | ၃ | ၃ | - | - |
| ၈ | အရေးပေါ်၅(ည) | - | - | - | - | - | - | - | - |
| ၉ | ယစ်မျိုးမှု | - | - | - | - | - | - | - | - |
| ၁၀ | ဒီယိုအက်ဥပဒေ | - | - | - | - | - | - | - | - |
| ၁၁ | မော်တော်ယာဉ် ဥပဒေအရ အရေးယူမှု | - | - | - | - | - | - | - | - |
| | **စုစုပေါင်း** | ၆၁ | ၅၇ | ၁ | ၂ | ၂၃ | ၂၁ | - | ၂ |

## ကာကွယ်ရေးနှင့်လုံခြုံရေး

၂၃။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လုံခြုံရေး ဖြန့်ချထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တိုင်းစစ်ဌာနချုပ် / တပ်မ / တပ်ရင်း / တပ်ခွဲ/တပ်ဖွဲ့**

| စဉ် | မြို့နယ် | ဌာနချုပ် | တပ်မ | တပ်ရင်း | တပ်ခွဲ | တပ်စု | တပ်ဖွဲ့ |
|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ၁ | - | ၁၃ | - | - | - |
| ၂ | ကုန်းကြမ်း | ၂ | - | ၁ | - | - | - |
| **စုစုပေါင်း** | | **၃** | **-** | **၁၄** | **-** | **-** | **-** |

( ခ ) **ရဲတပ်ဖွဲ့တပ်ဖြန့်အင်အား**

| စဉ် | မြို့နယ် | အရေအတွက် | အင်အား | | |
|---|---|---|---|---|---|
| | | | အရာရှိအဆင့် | အခြားအဆင့် | စုစုပေါင်း |
| ၁ | လောက်ကိုင် | ၇ | ၃၃ | ၁၄၅ | ၁၇၈ |
| ၂ | ကုန်းကြမ်း | ၃ | ၃ | ၁၃ | ၁၆ |
| **စုစုပေါင်း** | | **၁၀** | **၃၆** | **၁၅၈** | **၁၉၄** |

(ဂ) **ရဲတပ်ဖွဲ့နှင့်လူဦးရေအချိုး**

| စဉ် | မြို့နယ် | မြို့နယ်လူဦးရေ | တပ်ဖွဲ့ဝင်ဦးရေ | အချိုး |
|---|---|---|---|---|
| ၁ | လောက်ကိုင် | ၈၄၉၉၈ | ၁၇၈ | ၁:၄၇၈ |
| ၂ | ကုန်းကြမ်း | ၄၅၀၁၃ | ၁၆ | ၁:၂၈၁၃ |
| **စုစုပေါင်း** | | **၁၃၀၀၁၁** | **၁၉၄** | **၁:၆၇၀** |

(ဃ) **မီးသတ်အင်အားနှင့် မီးသတ်ယာဉ်**

| စဉ် | မြို့နယ် | စခန်းအရေအတွက် | လူအင်အား | | | စက်ကိရိယာ အင်အား | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သန္ဓေအင်အား | အရန်အင်အား | စုစုပေါင်း | မီးသတ်ယာဉ် | ရေသယ်ယာဉ် | အထောက်အကူပြုယာဉ် | အပေါ့စားစက် |
| ၁ | လောက်ကိုင် | ၃ | ၃၉ | ၁၁၄ | ၁၅၅ | ၄ | ၂ | - | ၆ |
| ၂ | ကုန်းကြမ်း | ၂ | ၁၂ | ၁၂၀ | ၁၃၂ | ၂ | ၁ | - | ၃ |
| **စုစုပေါင်း** | | **၅** | **၅၁** | **၂၃၄** | **၂၈၇** | **၆** | **၃** | **-** | **၉** |

( င ) **ပြည်သူ့စစ်အင်အား**

| **စဉ်** | **မြို့နယ်** | **ပြည်သူ့စစ် တပ်ဖွဲ့ပေါင်း** | **အင်အား** |
|---|---|---|---|
| ၁ | လောက်ကိုင် | ၈ | ၄၂၀ |
| ၂ | ကုန်းကြမ်း | - | - |
| **စုစုပေါင်း** | | **၈** | **၄၂၀** |

**နယ်မြေအခြေအနေ**

၂၄။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် အညိုရောင်နယ်မြေဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိပါ။

**ငြိမ်းချမ်းရေးအဖွဲ့အစည်းများ / အကြမ်းဖက်သောင်းကျန်းသူများ အခြေအနေ**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ အကြမ်းဖက်သောင်းကျန်းသူများ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| **စဉ်** | **မြို့နယ်** | **ငြိမ်းချမ်းရေး အဖွဲ့အစည်း** | **သောင်းကျန်းသူ အဖွဲ့အစည်း** |
|---|---|---|---|
| ၁ | လောက်ကိုင် | - | MNDAA |
| ၂ | ကုန်းကြမ်း | | |
| **စုစုပေါင်း** | | **-** | **။** |

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း**

| **စဉ်** | **အမည်** | **အလုပ်အကိုင်** | **တာဝန်** | **မှတ်ချက်** |
|---|---|---|---|---|
| ၁ | - | - | ဥက္ကဋ္ဌ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၄- ၁၀- ၂၀၂၁) ရက်စွဲပါ ကြေညာချက် အမှတ်၊(၃/ ၂၀၂၁) ဖြင့် ဒေသ/ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ |
| ၂ | - | - | အဖွဲ့ဝင် | |
| ၃ | - | - | အဖွဲ့ဝင် | |
| ၄ | - | - | အဖွဲ့ဝင် | |
| ၅ | - | - | အဖွဲ့ဝင် | |
| ၆ | - | - | အဖွဲ့ဝင် | |

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၇ | ဒုတိယညွှန်ကြားရေးမှူး | ဒေသ ထွေ/ အုပ် | အဖွဲ့ဝင် | ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အများယုံကြည် လေးစားခံရသူ ပုဂ္ဂိုလ်များအား (၄- ၁၀- ၂၀၂၁) ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြု လိုက်သည်။ |
| ၈ | လ/ထညွှန်ကြားရေးမှူး | ဒေသ ပြန်/ ဆက် | အဖွဲ့ဝင် | |
| ၉ | ခရိုင်ဦးစီးအရာရှိ | ခရိုင်စိုက်ပျိုးရေး | အဖွဲ့ဝင် | |
| ၁၀ | ဒုတိယညွှန်ကြားရေးမှူး | ခရိုင်လဝက | အဖွဲ့ဝင် | |
| ၁၁ | မြို့နယ်ပညာရေးမှူး | ပညာရေးမှူး | အဖွဲ့ဝင် | |
| ၁၂ | ခရိုင်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေး | အဖွဲ့ဝင် | |
| ၁၃ | ဒေသဥပဒေအရာရှိ | ဒေသဥပဒေ | အဖွဲ့ဝင် | |
| ၁၄ | ခရိုင်ဦးစီးအရာရှိ | ခရိုင်လယ်/ စာရင်းအင်း | အဖွဲ့ဝင် | |
| ၁၅ | အမှုဆောင်အရာရှိ | စည်ပင် | အဖွဲ့ဝင် | |
| ၁၆ | လ/ထ ညွှန်ကြားရေးမှူး | ဒေသကော်မရှင် အဖွဲ့ခွဲရုံး | အတွင်းရေး မှူး | |

## ( ခ ) ဒေသအတွင်းဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| ၁ | လောက်ကိုင် | ၃၃၀၅၂ | ၃၄၃၁၃ | ၆၇၃၆၅ |
| ၂ | ကုန်းကြမ်း | ၁၄၄၆၄ | ၁၅၅၇၅ | ၃၀၀၃၉ |
| **စုစုပေါင်း** | | **၄၇၅၁၆** | **၄၉၈၈၈** | **၉၇၄၀၄** |

## ( ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီအမည် | ဒေသအဆင့်ပါတီ ဥက္ကဋ္ဌအမည် | အမှုဆောင် ဦးရေ | ဒေသပါတီ ဝင်ဦးရေ |
|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုး | ဦးခင်မောင်လွင် | ၁၅ | ၂၇၀၀ |
| ၂ | ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ် | ဦးအန်တိုနီစူ (ခ) ဦးစူဝင်ဟူ | ၁၄ | ၁၀၀၀ခန့် |

(ဃ) **ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ**

အစီရင်ခံသည့်ကာလအတွင်း တင်ပြရန်မရှိပါ။

## အခန်း( ၆ )

## စီပွားရေးဆိုင်ရာအချက်အလက်

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

၂၇။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင်တည်ရှိပြီး စီးပွားရေးအရ အချက်အခြာကျသော ဒေသတစ်ခုဖြစ်ပါသည်။ ဒေသခံပြည်သူလူထုသည် ကုန်သွယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပြီး ကြံစိုက်ပျိုးခြင်း လုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ပေါ်ဒေသတွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး အဓိကထွက်ကုန်မှာ လက်ဖက်ခြောက်ဖြစ်၍ အခြားဒေသများသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့တွင် ကွမ်းလုံ – ချင်းရွှေဟော်မြို့ရှောင်လမ်းအနီး မြေဧက( ၃၀၄.၆၂ )ခန့်ပေါ်တွင် စီးပွားရေးဇုန်တစ်ခုအား တည်ဆောက်ရန် တင်ပြထားရှိခဲ့ပြီး စီးပွားရေးဇုန် တည်ဆောက်ပြီးပါက ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်းနှင့် နိုင်ငံထွက်ကုန်ပစ္စည်းများကို နှီးနှောဖလှယ်ခြင်း၊ ကုန်စည်စီးဆင်းမှုတို့အား ကောင်းမွန်လာခြင်းတို့ကြောင့် နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ခြင်း မြန်မာနိုင်ငံ၏ နယ်စပ်ပို့ကုန် / သွင်းကုန်များ ပိုမိုဆောင်ရွက်နိုင်၍ နိုင်ငံတော်၏အခွန်ငွေ ပိုမိုတိုးတတ်လာမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## မြေအသုံးချမှု

၂၈။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြေအမျိုးအစားအလိုက် အသုံးချမှုအခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေ** | **၆၉၄၂၅** |
| | (က) လယ်မြေဧရိယာ | ၇၂၉၂ |
| | (ခ) ယာမြေ | ၄၇၅၉၅ |
| | (ဂ) ကိုင်း/ကျွန်းမြေ | ၇၆ |
| | (ဃ) ဥယျာဉ်မြေ | ၁၄၄၆၂ |
| | (င) တောင်ယာမြေ | - |
| ၂ | **လှုပ်ထားမြေ** | **၇၄၁၂** |
| ၃ | **တောရိုင်းမြေ** | **၁၃၅၁၂** |
| ၄ | **မြေရိုင်း** | **၃၉၂၀** |
| ၅ | **စိုက်ပျိုးခြင်းမပြုနိုင်သောမြေ** | **၃၇၃၉၉၄** |
| | (က) လမ်းမြေ | ၆၀၄ |
| | (ခ ) ဆည်မြောင်း၊ ကန်၊ တာတမံ | ၃၂ |
| | ( ဂ ) မြစ်ချောင်းနှင့်ရေအောက်မြေ | ၁၆၀၇ |
| | (ဃ) အင်းအိုင်မြေ | ၃၈ |
| | (င) စက်ရုံမြေ | ၇ |
| | (စ) မြို့မြေ | ၂၉၉၈ |
| | (ဆ) ရွာမြေ | ၅၉၂ |
| | (ဇ) သာသနာ့/ သုသာန်မြေ | ၃၄၇၀ |
| | (ဈ) ကျန်အခြားမြေ | ၃၆၄၆၄၆ |
| | **စုစုပေါင်း** | **၄၆၈၂၆၃** |

**မှတ်ချက်။** မြို့မြေဧရိယာတွင် ယာမြေကျူး**( ၂၇၀ )ဧက** ပါဝင်နေပါသည်။

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၉။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆည်မြောင်းတာတမံများနှင့်ဆည်ရေသောက်ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

(က) **အစိုးရဆည်များ**

| စဉ် | မြို့နယ် | ကွန်ကရစ် | ကျောက်စီ | လက်ရိုက် | သစ်/မြေသား | ရေလှောင်တမံ | ရေလွှဲ | ပေါင်း | အကျိုးပြုဧက |
|---|---|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | - | - | - | - | - | ၃ | ၃ | ၃၉၆.၀၀ |
| ၂ | ကုန်းကြမ်း | - | - | - | - | - | - | - | - |
| **စုစုပေါင်း** | | **-** | **-** | **-** | **-** | **-** | **၃** | **၃** | **၃၉၆.၀၀** |

( ခ ) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | မြို့နယ် | ကွန်ကရစ် | ကျောက်စီ | လက်ရိုက် | သစ်/မြေသား | ရေလွှဲ | ပေါင်း | အကျိုးပြုဧက |
|---|---|---|---|---|---|---|---|---|
| ၁ | လောက်ကိုင် | – | – | – | – | ၃ | ၃ | ၁၁၉.၀၀ |
| ၂ | ကုန်းကြမ်း | – | – | – | – | – | – | – |
| **စုစုပေါင်း** | | **–** | **–** | **–** | **–** | **၃** | **၃** | **၁၁၉.၀၀** |

( ဂ ) **မြစ်ရေတင်စီမံကိန်းများ**

| စဉ် | မြို့နယ် | စီမံကိန်းအရေအတွက် | အကျိုးပြုဧက |
|---|---|---|---|
| ၁ | လောက်ကိုင် | – | – |
| ၂ | ကုန်းကြမ်း | – | – |
| **စုစုပေါင်း** | | – | – |

(ဃ) **တာတမံများ / ရေထိန်းတံခါး**

| စဉ် | မြို့နယ် | တာတမံအရေအတွက် | ရေထိန်းတံခါးအရေအတွက် | ကာကွယ်သည့်မြစ်၊ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| ၁ | လောက်ကိုင် | - | - | - | - |
| ၂ | ကုန်းကြမ်း | - | - | - | - |
| **စုစုပေါင်း** | | **-** | **-** | **-** | **-** |

## စိုက်ပျိုးရေးလုပ်ငန်း

၃၀။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ( ၁၀ )မျိုးစိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၂၂ - ၂၀၂၃ လျာထားဧက | | ၂၀၂၂ - ၂၀၂၃ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက်(တင်း) |
| ၁ | စပါးပေါင်း | နွေ | - | - | - | - | - |
| | | မိုး | ၁၀၀၃၄ | ၁၀၀၃၄ | ၂၅၅ | ၆၅.၅၈ | ၁၆၇၂၃ |
| ၂ | မြေပဲ | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၃ | အစေ့ထုတ်ပြောင်း | မိုး | ၂၂၆၄၁ | ၂၂၆၃၅ | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | - | ၅၀ | ၅၀ | - | - | - |
| ၅ | မတ်ပဲ | - | - | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၇ | ပဲစင်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | ၁၇၅၂၇ | ၁၇၅၂၇ | - | - | - |
| ၁၀ | နှမ်း | - | - | - | - | - | - |

## ( ခ )    နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | မြို့နယ်/ မြို့ | နှစ်ရှည်ပင်စိုက်ဧက | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ရာဘာ(ခ)ကြက်ပေါင်းစေး | လက်ဖက် | သစ်ကြား | လိုင်ချီး | နာနတ် | မက်မန်း | သစ်တော် | သစ်အယ် |
| ၁ | လောက်ကိုင် | ၂၃၃၉ | ၂၃၁၂ | ၁၈၉၉ | ၁၈၁ | ၁၅၀ | ၄၀ | ၆၄ | - |
| ၂ | ကုန်းကြမ်း | ၃၂၀ | ၄၆၇၁ | - | - | - | - | - | - |
| စုစုပေါင်း | | ၂၆၅၉ | ၆၉၈၃ | ၁၈၉၉ | ၁၈၁ | ၁၅၀ | ၄၀ | ၆၄ | - |

## ( ဂ )    အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | မြို့နယ် / မြို့ | သီးနှံစိုက်ဧက | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ပန်းနှမ်း | ငှက်ပျော | ဂျင်း | ဧရှတ်စို | ဟင်းသီး/ရွက် |
| ၁ | လောက် ကိုင် | - | - | - | - | ၂၄၀ | ၇၁ | ၉၈ | ၆၁၄ |
| ၂ | ကုန်း ကြမ်း | - | - | - | - | - | - | - | - |
| စုစုပေါင်း | | - | - | - | - | ၂၄၀ | ၇၁ | ၉၈ | ၆၁၄ |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | မြို့နယ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ခြွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ခြွေလှေ့စက် | ရေစုပ်စက် |
| ၁ | လောက်ကိုင် | - | - | - | - | - | - | - | ၁၅ | ၇၃ | - | ၁ | - | - | ၄၇ |
| ၂ | ကုန်းကြမ်း | - | - | - | - | - | - | - | ၂ | - | - | - | - | - | ၄ |
| **စုစုပေါင်း** | | - | - | - | - | - | - | - | ၁၇ | ၇၃ | - | ၁ | - | - | ၅၁ |

## (င) လယ်ယာသုံးထယ်၊ ထွန်နှင့် ကျွဲ၊ နွားကောင်ရေ

| စဉ် | မြို့နယ် | ထည်အရေအတွက် | ထွန်အရေအတွက် | ကျွဲကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ၈၅၁ | ၁၃၆၉ | ၄၅၁၄ | ၁၃၉၄ |
| ၂ | ကုန်းကြမ်း | ၁၈၃ | ၂၇၉ | ၂၂၉ | ၂၉၀ |
| **စုစုပေါင်း** | | **၁၀၃၄** | **၁၆၄၈** | **၄၇၄၃** | **၁၆၈၄** |

(စ)　**ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း**

| စဉ် | မြို့နယ် | စပါးအထွက်တင်းပေါင်း | ဝမ်းစာကျန်ရှိမှုတင်းပေါင်း | ဝမ်းစာလိုအပ်မှု(တင်း) | ဆန်ဖူလုံမှု % |
|---|---|---|---|---|---|
| ၁ | လောက်ကိုင် | ၅၇၉၆၃၄ | ၁၂၄၂၅၆၈ | ၁၂၄၂၅၆၈ | ၄၆.၆၅% |
| ၂ | ကုန်းကြမ်း | ၃၆၆၁၈၆ | ၆၉၂၂၄၇ | ၆၇၁၉၉၇ | ၅၂.၉၀% |
| စုစုပေါင်း | | ၉၄၅၈၂၀ | ၁၉၃၄၈၁၅ | ၁၈၈၄၆၄၅ | ၄၈.၈၈% |

(ဆ)　**ဆီဖူလုံမှုရာခိုင်နှုန်း**

| စဉ် | မြို့နယ် | ဆီထွက်ရှိမှု (မက်/တန်) | ဆီလိုအပ်မှု (မက်/တန်) | ဆီဖူလုံမှု % |
|---|---|---|---|---|
